
Translator - May Thant Sin
အန္တိမတာအိုအား လျှောက်လှမ်း၍
စာစဥ် - ၂၈

# အခန်း (၄၀၆)
# မိကျောင်းမိစ္ဆာကြီး
*

~"ဘုန်း..."

နောက်တစ်ခဏ၌ မိကျောင်းမိစ္ဆာကြီး အသွင်ပြောင်းထားသော စုယွီ၏ ကြောက်မက်ဖွယ်ကိုယ်လုံးကြီးသည် ကောင်းကင်ယံမှ ဆင်းသက်လာတော့သည်။ သူ၏ လက်တစ်ဖက်က သားရဲကြီး၏ အမြီးကို ပြတ်ထွက်မတတ် ဆုပ်ကိုင်ထား၏။ ထို့နောက် လေထဲတွင် ရမ်းခါကာ မြေကြီးပေါ်သို့ ပယ်ပယ်နယ်နယ် ဆောင့်ရိုက်ချပစ်လိုက်သည်။

"ဘုန်း... ဘုန်း... ဘုန်း.."

အဝေးတစ်နေရာ၌၊

ကောင်းကင်မိုးကြိုး ကြွက်အုပ်စုသည် တိုက်ပွဲကို စောင့်ကြည့်နေကြသည်။ ဉာဏ်ရည်မနိမ့်လှသော ထိုကြွက်များ အားလုံး တစ်ကောင်နှင့်တစ်ကောင် ဖက်ကာ တုန်ယင်နေကြ၏။ သူတို့၏ 'သခင်' သည် တတိယအဆင့် အလယ်အလတ်တန်းစား မိစ္ဆာသားရဲကြီးကို အကြမ်းပတမ်း ထုထောင်းနေသည်ကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်နေကြသည်။

ဤမြင်ကွင်းက သူတို့၏ ဝိညာဉ်များကိုပင် ပြင်းထန်စွာ တုန်လှုပ်သွားစေသည်။

သူတို့အတွက်မူ စုယွီ၏ မှော်မန္တန်များထက် ယခုလို ကြွက်သားအစစ်ဖြင့် အကြမ်းပတမ်း ဝင်ရောက်ချေမှုန်းနေသော ရုပ်ခန္ဓာ စွမ်းအားကပို၍ပင် ကျောချမ်းစရာ ကောင်းနေတော့၏။

ပို၍ ဝေးကွာသော နေရာတွင်မူ မာထျုန်းလင်၊

ယွိုခယ်အာ၊ စုချိ၊ ယွိုချန်ချင်း၊ လော့ချင်းယာ၊ လန်ရှီး နှင့် လန်ကုန်းတို့ အဖွဲ့ ရှိနေကြသည်။ စုယွိုကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်တိုက်ခိုက်သည်ကို သူတို့ မြင်ရခဲ့လှ၏။

ထို့ကြောင့် စုယွိုက တတိယအဆင့် အလယ်အလတ်တန်းစား သားရဲကို သွားရောက်သတ်ဖြတ်မည် ဆိုသောအခါ တစ်ယောက်မကျန် နောက်မှ လိုက်ပါလာခဲ့ကြခြင်း ဖြစ်သည်။

သို့သော် ယခုအချိန်တွင်မူ ထိုမိန်းမလှလေးများအားလုံး ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားဖြင့် မေးစေ့ပြုတ်ကျမတတ် မှင်သက်နေကြတော့၏။

ရှေးဟောင်း မိစ္ဆာကြီးတစ်ကောင် လူ့ပြည်ဆင်းလာသည့်နှယ် ကြောက်စရာ ကောင်းသော အကြမ်းပတမ်း စွမ်းအားများ ထုတ်သုံးကာ တတိယအဆင့် သားရဲကြီးကို ထုထောင်းနေ

သော စုယွီကို ကြည့်ပြီးနောက် မာထျန်းလင်သည် ယွီခယ်အာဘက်သို့ လှည့်လိုက်သည်။

သူမ၏ အပြစ်ကင်းစင်သော မျက်လုံးဝိုင်းဝိုင်းလေးများကို ပေကလပ် ပေကလပ် လုပ်ရင်း မေးလိုက်၏။

"ဆရာမ… ဆရာက မိစ္ဆာဘုရင် ဝင်စားတာများဖြစ်နေမလားဟင်"

ထိုစကားကို ကြားသည်နှင့် စုချီသည် စိတ်လှုပ်ရှားစွာဖြင့် လက်ခုပ်တီးကာ ထောက်ခံတော့သည်။

"အာ… ထျန်းလင်လေး ပြောတာ ယုတ္တိရှိတယ်ဟော့။ ဦးလေးယွီက သိပ်ရက်စက်လွန်းတယ်။ တတိယအဆင့် သားရဲကြီးကို ရပ်ခန္ဓာ ခွန်အားသက်သက်နဲ့ ကိုင်နေတာလေ။ ပြီးတော့ မိစ္ဆာသားရဲအုပ်ကြီးကိုလည်း အမိန့်ပေး ခိုင်းစေနိုင်သေးတယ်။ ဒီပုံစံက မိစ္ဆာဘုရင်နဲ့ ပိုတောင် တူ

နေသေးတယ်"

မာထျန်းလင်လေး လော့ယွဲ့ မဟာမိတ်အဖွဲ့၏ လှိုက်နယ်မြေထဲသို့ ရောက်လာခဲ့သည်မှာ ငါးနှစ်ခွဲကျော်ပင် ရှိသွားခဲ့ပြီ ဖြစ်၏။

အသက် (၁၁) နှစ်ခွဲ အရွယ် ကလေးမလေးဘဝမှ ယခုအခါ အသက် (၁၇) နှစ်အရွယ် အလှပန်းလေး တစ်ပွင့်အဖြစ် ဖူးပွင့်လာခဲ့ပြီ ဖြစ်သည်။

(၁၆) နှစ်ပြည့်လျှင် အရွယ်ရောက်ပြီဟု သတ်မှတ်သော ကျင့်ကြံခြင်းလောက၏ စည်းမျဉ်းအရ ဆိုရလျှင် မာထျန်းလင်သည် ပြီးခဲ့သည့်နှစ်ကတည်းက အရွယ်ရောက်ပြီးသားမိန်းကလေး ဖြစ်နေတော့၏။

ယနေ့တွင် သူမသည် အစိမ်းနုရောင် နန်းတွင်းဝတ်စုံလေးကို ဝတ်ဆင်ထားပြီး၊ ပခုံးပေါ် ကျနေသော ဆံပင်ရှည်များက လေထဲတွင် ဝဲလွင့်နေ၏။ ကြက်သွန်မြိတ်လေးကဲ့သို့ ဖြောင့်စင်း

သော နှာတံ၊ ဝိုင်းစက်ပြီး အပြစ်ကင်းသော မျက်လုံးလေးများနှင့် နွေးထွေးသည့် ကျောက်စိမ်းလေး တစ်တုံးပမာပင်။

အထူးခြားဆုံးမှာ မာထျန်းလင်၏ သွယ်လျ ဖြောင့်စင်းနေသော ခြေတံရှည်ကြီးများပင် ဖြစ်သည်။ ယွီခယ်အာ၊ စုချီ၊ လန်ရှီး တို့ထက်ပင် ပို၍ ထင်းထွက်နေသေး၏။

ငယ်စဉ်ကတည်းက ခြေတံရှည်လေး ဖြစ်ရာ၊ ယခု အရွယ်ရောက်လာချိန်တွင် ပို၍ပင် ကြည့်ကောင်းနေတော့သည်။

သူမ၏ စကားကို ကြားသောအခါ ယွီခယ်အာက ပြုံး၍ ခေါင်းယမ်းလိုက်သည်။

"လျှောက်ပြောမနေနဲ့... နင့်ဆရာက လူသားစစ်စစ်ပါဟ့်။ ဘာ မိစ္ဆာဘုရင်ဝင်စားတာမှ မဟုတ်ဘူး"

မာထျန်းလင်က မျက်လုံးလေး

ကလယ်ကလယ် လုပ်နေ၏။ ဤကောင်မလေး သည် ငယ်စဉ်ကတည်းက ဉာဏ်နီဉာဏ်နက် များသလို စုချီနှင့် အတူကြီးပြင်းလာသူ ဖြစ် သဖြင့် အငြိမ်နေမည့် အမျိုးတော့ မဟုတ်ပေ။

မည်သို့ပင် ဂနာမငြိမ် ဖြစ်နေစေကာမူ ပြီးခဲ့ သည့် ငါးနှစ်တာ ကာလအတွင်းတွင် သူမ၏ မြေ ကမ္ဘာ အဆင့် ဝိညာဉ်အမြစ် ပါရမီ၊ ဟွိုင်ယင်း ဝိညာဉ်ခန္ဓာ ဖွဲ့စည်းပုံနှင့် လော့ယွဲ့ မဟာမိတ် အဖွဲ့ လှို့ဝှက်နယ်မြေ၏ စတုတ္ထအဆင့် ဝိညာဉ် ကြော ပတ်ဝန်းကျင်တို့ ပေါင်းစပ်လိုက် သောအခါ သူမ၏ ကျင့်ကြံခြင်း အဆင့်သည် မသိမသာဖြင့် အခြေခံတည်ဆောက်ခြင်း အဆင့် (၄) သို့ပင် ရောက်ရှိနေခဲ့တော့သည်။

အရင်က စုယွီ ရရှိခဲ့သော အမွေအနှစ်ထဲမှ ရှေးဟောင်း တစ်ကိုယ်တော် ကျင့်ကြံသူ ပါရမီ ရှင် တာအိုဆရာ ပင်းယွီ ဆိုလျှင် မြေကမ္ဘာ

အဆင့် ဝိညာဉ်အမြစ် ရှိတာတောင် အခြေခံ တည်ဆောက်ခြင်း အဆင့်သို့ ရောက်ရန် ဆယ်နှစ်တိုင်တိုင် အချိန်ယူခဲ့ရသည်။ ၎င်းကိုပင် သူက ဂုဏ်ယူစရာအဖြစ် မှတ်တမ်းတင်ထားခဲ့သေး၏။

သို့သော် မာထျန်းလင်သည် သုံးနှစ်တည်းသာ အချိန်ယူခဲ့ရသည်။

သုံးနှစ်တည်းဖြင့် အခြေခံတည်ဆောက်ခြင်း အဆင့်ကို ရောက်သွားခဲ့ခြင်း ဖြစ်၏။

ထို့ပြင် အဆင့်မြင့် တာအိုအခြေခံကိုပါ အခိုင်အမာ တည်ဆောက်နိုင်ခဲ့သည်။

စုယွီ၏ အကဲဖြတ်ချက်အရ ဆိုရလျှင် မာထျန်းလင်၏ အခြေခံတည်ဆောက်ခြင်း တာအို အခြေခံသည် သူ ဆတ်ကြီး ငါးပါး ကျင့်စဉ်ကို ပြီးပြည့်စုံအောင် ကျင့်ကြံခဲ့စဉ်က ဆတ်ကြီး ငါးပါး ပေါင်းစပ်ထားသည့် အခြေခံထက်ပင်

အားနည်းမည် မဟုတ်ချေ။

ဤ ဝိညာဉ်ခန္ဓာ ပါရမီသည် တကယ့်ကို ကြောက်စရာကောင်းသလို မနာလိုဖြစ်ချင်စရာလည်း ကောင်းလွန်းလှသည်။

ပါရမီကောင်းတစ်ခု ရှိခြင်းသည် သာမန်လူတို့၏ ရေတွက်၍မရနိုင်သော နှစ်ပေါင်းများစွာကြိုးစားအားထုတ်မှု ရလဒ်များနှင့် ညီမျှနေ၏။ သာမန်လူတစ်ယောက် တစ်သက်လုံးကြိုးစားသည်ဆိုလျှင်တောင် ဝိညာဉ်ခန္ဓာ ပိုင်ရှင်တစ်ယောက်၏ အစပျိုးမှုလောက်ကို မမီနိုင်ပေ။

ထိုအခိုက်အတန့်၌ မာထျန်းလင်သည် ယွီခယ်အာ၏ နားနားကပ်၍ တစ်ခုခု တီးတိုးပြောလိုက်သည်။

ယွီခယ်အာ ရုတ်တရက် ခေါင်းလှည့်လာပြီး သူမကို မျက်စောင်းထိုးလိုက်တော့သည်။ ဤကောင်မလေးသည် အမြဲတမ်း လျှောက်ပြောနေ

တတ်သည် မဟုတ်ပါလော။

သူတို့ဘေးနားရှိ လှော်ချင်းယာ၊ လန်ရှီး၊ လန်ကုန်း နှင့် ယွီချန်ချင်းတို့သည်လည်း တိုက်ပွဲကို ငေးကြည့်ရင်း စကားပင် မပြောနိုင်လောက်အောင် မှင်သက်နေကြ၏။

ရုပ်ခန္ဓာ ခွန်အားသက်သက်ဖြင့် တတိယအဆင့် အလယ်အလတ်တန်းစား သားရဲကြီးကို အမှုန့်ကြိတ်ပစ်နိုင်သည် ဆိုသော အင်အားက တကယ့်ကို ထိတ်လန့် အံ့သြစရာ ကောင်းနေသောကြောင့် ဖြစ်သည်။

မကြာမီ အချိန်အတွင်းမှာပင်။

မိကျောင်းမိစ္ဆာ (၁၀၈) ကွက် ကိုယ်ခန္ဓာ သန့်စင်ခြင်း ကျင့်စဉ် နှင့် သွေးဝေလငါး လမင်းမြို့ နည်းစနစ်တို့၏ ပေါက်ကွဲအားအောက်တွင် တတိယအဆင့် အလယ်အလတ်တန်းစား မိစ္ဆာသားရဲကြီးသည် စုယွီ၏ ထုထောင်းမှုဒဏ်ကို မခံ

နိုင်ဘဲ အသက်ထွက်သွားလေတော့သည်။ ၎င်း၏ ကိုယ်တွင်းမှ လက်သီးဆုပ်အရွယ်ရှိသော မိဈ္ဈာအမြုတေကို စုယွီ ထုတ်ယူလိုက်၏။

သားရဲကိုယ်မှ လိုအပ်သော ပစ္စည်းတချို့ကို သိမ်းဆည်းပြီးသည့်နောက် စုယွီက အသားနှင့် သွေးများကို ကောင်းကင်မိုးကြိုး ကြွက်အုပ်စုအား ဆုချလိုက်သည်။

အကြောင်းမူကား ဤသို့ သင့်တော်သော သားရဲကို ရှာဖွေရန်အတွက် သူတို့ အားလုံး နှစ်ပေါင်းများစွာ အချိန်ပေးခဲ့ရသည် မဟုတ်ပါလော။

မိဈ္ဈာအမြုတေကို အစိမ်းရောင် သစ်သားလက်စွပ် (ချင်မု လက်စွပ်) ထဲ ထည့်သိမ်းလိုက်ပြီးနောက် စုယွီသည် ကိုယ်ခန္ဓာ သန့်စင်ခြင်း စွမ်းအားနှင့် သွေးဝေလငါး လမင်းမြို့ နည်းစနစ်ကို ပြန်လည်ရုပ်သိမ်းလိုက်၏။

ထိုအခိုက်အတန့်၌ သူ၏ အရှိန်အဝါသည် ရုတ်တရက် အားနည်းသွားပြီး အရေပြားများပင် ကွဲအက်ကာ ဒဏ်ရာအချို့ ရသွားခဲ့၏။

သွေးဝေလငါး နည်းစနစ်၏ စွမ်းအား သုံးဆ ပေါက်ကွဲမှုဒဏ်ကို ခံနိုင်ရည်ရှိရန်ကား လွယ်ကူလှသည် မဟုတ်ပေ။

စွမ်းအားများ ကုန်ခန်းသွားပြီးနောက် ခန္ဓာကိုယ်သည် အလွယ်တကူ အားနည်းသည့် အခြေအနေသို့ ရောက်သွားတတ်သည်။

သို့ဖြစ်သော်ငြားလည်း ကံကောင်းသည်မှာ စုယွီ၏ မန္တန်စွမ်းအား ကျင့်ကြံမှုက အားမနည်းခြင်းပင် ဖြစ်၏။

ဓာတ်ကြီး ငါးပါး မန္တန်စွမ်းအားများ ကိုယ်တွင်း၌ လည်ပတ်သွားပြီးနောက် လျှို့ဝှက်နယ်မြေထဲမှ ကြွယ်ဝသော သဘာဝ ဝိညာဉ်စွမ်းအင်များသည် စုယွီ၏ ကိုယ်တွင်းသို့

အလုံးအရင်းနှင့် စီးဝင်လာတော့သည်။

ထိုစွမ်းအင်များကို သန့်စင်၍ ခန္ဓာကိုယ်အား အားဖြည့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ထိခိုက်သွားသော ကိုယ်ခန္ဓာနှင့် ကုန်ခန်းသွားသည့် ခွန်အားများ ပြန်လည် ပြည့်ဝလာ၏။

ဤတစ်ကြိမ် သားရဲကို နှိမ်နင်းရာတွင် သူ မန္တန်စွမ်းအားကို အသုံးမပြုခဲ့ခြင်းမှာ အကြောင်းရှိ၏။ သူ၏ ကိုယ်ခန္ဓာ သန့်စင်ခြင်း စွမ်းအားကို စမ်းသပ်ကြည့်ချင်သောကြောင့် ဖြစ်သည်။ မန္တန်စွမ်းအား အပိုင်းတွင်မူ သူ၏ တာအိုရုပ်သေးကိုယ်မှတစ်ဆင့် ကိုယ့်စွမ်းအားကိုယ် ကောင်းကောင်း သိထားပြီးသား ဖြစ်သည်။

သို့သော် ကိုယ်ခန္ဓာ သန့်စင်ခြင်း အပိုင်းတွင်ကား တကယ့် လက်တွေ့ တိုက်ပွဲဝင်ရန် အခွင့်အရေး မရခဲ့ဖူးချေ။

ယခု တတိယအဆင့် အလယ်အလတ်တန်းစား သားရဲနှင့် တိုက်ခိုက်ရသည်မှာ သူ့အတွက် မည်သည့် အန္တရာယ်မှ မရှိပေ။

ထို့ကြောင့် အကြောအခြင် လျှော့ရင်း ကိုယ်ခန္ဓာ သန့်စင်ခြင်း စွမ်းအား၏ ပြင်းအားကို စမ်းသပ်ရန် အကွက်ဆိုက်သွားခြင်း ဖြစ်သည်။

တဆက်တည်း၌ သူသည် မန္တန်တစ်ခုကို အသုံးပြု၍ ပျက်စီးသွားသော တိုက်ပွဲနေရာကို ပြန်လည် ပြုပြင်လိုက်သည်။ မြေကြီးပေါ်မှ အက်ကွဲကြောင်းများကို ဖာထေးကာ၊ ကျိုးကျနေသော သစ်ပင်များနှင့် ကြေမွနေသည့် ကျောက်တုံးများကို ရှင်းလင်းလိုက်၏။ ထို့နောက် သစ်သား ဝိညာဉ်အမြစ်မန္တန်ကို သုံး၍ အပင်ပေါက်လေးအချို့ကို ပြန်လည် စိုက်ပျိုးပေးခဲ့လေ၏။

***